# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုတရားလွှတ်တော်ချုပ်
# ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

စာအမှတ်၊ ၁၃၆ / စု-၃၅ / ၂၀၂၀ (လထန)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက်

**ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ (၁၈၇၂ ခုနှစ်) အရ ထိမ်းမြားပေးနိုင်ခွင့် လိုင်စင် လျှောက်ထားခြင်းနှင့် ထိမ်းမြားခြင်းဆောင်ရွက်ရာတွင် လိုက်နာရန် ကြေညာချက်**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ (၁၈၇၂ ခုနှစ်) အရ ခရစ်ယာန်ဘာသာဝင်များ၏ ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းများအတွက် ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်လျှောက်ထားခြင်းများကို ၁၃-၈-၁၉၇၆ ရက်စွဲပါ ယခင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ ဝန်ကြီးချုပ်ရုံး၏ စာအမှတ် ၁၂ / ၅၁၂-စ/ဝခရ အရ ပြည်သူ့တရားသူကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုတရားရုံးမှ ထုတ်ပေး ခဲ့ပြီး ယခုအခါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ အစည်းအဝေးဆုံးဖြတ် ချက်အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပေးပါသည်။

၂။ အဆိုပါ ဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၉ အရ ၁၉၇၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း လိုင်စင် ထုတ်ပေးထားသူ ၅၇ ဦးတွင် ၂၀ ဦးသာ ဆက်လက်ဆောင်ရွက်နေကြောင်း စိစစ် တွေ့ရှိရပါသည်။ ( လိုင်စင်ထုတ်ပေးထားသူများစာရင်းကို ပြည်ထောင်စုတရားလွှတ်တော် ချုပ်၏ ဝက်ဘ်ဆိုက်ဒ် www.unionsupremecourt.gov.mm တွင် ကြည့်ရှုနိုင်ပါသည်။) ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လာသည့် ခရစ်ယာန်ထိမ်းမြားခြင်း အထောက်အထားလက်မှတ်များအရ ထိမ်းမြားပေးသူများသည် ထိမ်းမြားပေးနိုင်ခွင့် လိုင်စင်ရှိ မရှိနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် မှတ်ပုံတင်ရေးသွင်းထားခြင်း ရှိ မရှိ စိစစ်ပေးခဲ့ရပါသည်။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေအရ ထိမ်းမြားခြင်းကို ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်ရှိသူက ဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ထိမ်းမြားခြင်း၊ မှတ်ပုံတင်ခြင်း၊ ထိမ်းမြားခြင်းအထောက်အထားလက်မှတ်ထုတ်ပေးခြင်း၊ အဆိုပါ

အထောက်အထားလက်မှတ်ကို ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိချုပ်ထံ ပေးပို့ခြင်းတို့ ဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၉ အရ ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်လျှောက်ထားခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လက်ခံစိစစ်စုံစမ်းပြီး တွေ့ရှိချက်နှင့်အတူ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိချုပ်ဖြစ်သည့် ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးထံ ပေးပို့ရန် ဖြစ်ပါသည်။

၄။ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ချက်တွင် အောက်ပါအချက်များ ပါဝင်ရပါမည်-

(က) အမည်၊

(ခ) မွေးနေ့၊

(ဂ) လူမျိုး၊

(ဃ) ကိုးကွယ်သည့်ဘာသာ၊

(င) အလုပ်အကိုင်၊

(စ) အဘအမည်၊ နေရပ်၊ အလုပ်အကိုင်၊

(ဆ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(သို့မဟုတ်) နိုင်ငံခြားသားစိစစ်ရေးကတ်အမှတ်၊

(ဇ) ခရစ်ယာန်မွေ့ဆရာဖြစ်လျှင် ထမ်းဆောင်လျက်ရှိသော တာဝန်၊
(ဥပမာ - သင်းအုပ်ဆရာတော်)

(ဈ) လျှောက်ထားသည့် ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်အမျိုးအစား၊
(ဥပမာ ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၉ အရ လိုင်စင်)

(ည) သက်ဆိုင်ရာ ခရစ်ယာန်ဘာသာအသင်း၏ထောက်ခံချက်၊

(ဋ) ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်ထုတ်ပေးရန် သင့် မသင့်။
(တိုင်းဒေသကြီး၊ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ တွေ့ရှိချက်)

၅။ အထက်ဖော်ပြပါ လျှောက်လွှာတွင်ပါဝင်သော အချက်အလက်များနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို စိစစ်ရန် ဖြစ်ပါသည် -

(က) လျှောက်ထားသူ၏အမည် မှန် မမှန်၊

(ခ) လျှောက်ထားသူသည် လျှောက်လွှာတွင် ဖော်ပြထားသည့် အရပ်ဒေသ၌ နေထိုင်သူ ဟုတ် မဟုတ်၊

(ဂ) လျှောက်ထားသူသည် မည်သည့်နိုင်ငံသားဖြစ်ကြောင်း၊

(ဃ) လျှောက်ထားသူသည် ခရစ်ယာန်ဓမ္မဆရာဖြစ်ပြီး လက်တင် (Ordian) ပြုလုပ် ပြီး မပြီး၊

(င) လျှောက်ထားသူသည် အကျင့်စာရိတ္တကောင်းမွန်၍ နိုင်ငံတော်အပေါ် သစ္စာရှိ မရှိ။

၆။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၉ အရ ထိမ်းမြားပေးနိုင်ခွင့် လိုင်စင်ရရှိသူသည် ထိမ်းမြားပေးခြင်းဆောင်ရွက်ရာတွင် ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ အောက်ပါစည်းကမ်းချက်များကို လိုက်နာရပါမည်-

(က) ဥပဒေအရ သတ်မှတ်ထားသည့် ပုံစံများကို အသုံးပြုရန်၊

(ခ) ထိမ်းမြားခြင်းအထောက်အထားလက်မှတ် (Certificate of Marriage) များကို ရာထူးအလျှောက် ထိမ်းမြားမှု မှတ်ပုံတင်အရာရှိချုပ်ဖြစ်သည့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှူးရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယင်းဥပဒေပုဒ်မ ၃၄ သို့မဟုတ် ပုဒ်မ ၆၂ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ပြီး တစ်လအတွင်း ပေးပို့ရန်၊

(ဂ) နေထိုင်သည့် လိပ်စာပြောင်းလျှင်သော်လည်းကောင်း၊ ယခုလုပ်ငန်းကို လုပ်ကိုင်ခြင်း မရှိတော့လျှင်သော်လည်းကောင်း လိုင်စင်ထုတ်ပေးသည့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှူးရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားရန်၊

(ဃ) ထိမ်းမြားခြင်းအထောက်အထားလက်မှတ် (Certificate of Marriage) တွင် ဤရုံးမှ ခွင့်ပြုသည့်ရက်စွဲနှင့် အမိန့်ကြော်ငြာစာအမှတ် ထည့်သွင်း ဖော်ပြရန်။

၇။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေအရ ထိမ်းမြားမှုကို ဝိနည်းနှင့်အညီ ဆောင်ရွက်ရန်နှင့် ထိမ်းမြားခြင်းကို အကျိုးသက်ရောက်စေရန်အတွက် ထိမ်းမြားပေးနိုင်ခွင့်

လိုင်စင်လျှောက်ထားခြင်း၊ ထိမ်းမြားခြင်းတို့ကို ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် အသိပေးကြေညာပါသည်။

အမိန့်အရ

(တင်နွယ်စိုး)

ညွှန်ကြားရေးမှူးချုပ်

၁၈၇၂ ခုနှစ်၊ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေအရ ၁၉၇၈ ခုနှစ် မှ ၂၀၁၉ ခုနှစ်အတွင်း ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်ရရှိသူများစာရင်း

ကချင်ပြည်နယ်

| စဉ် | အမည် | ရရှိသည့် ဥပဒေပုဒ်မ | နေရပ်လိပ်စာ | အမိန့်ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | စာအမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဦးလဆီးကွမ်တွဲ | ပုဒ်မ ၆ | ကိုင်ထိပ်ကျေးရွာ၊ မံစီမြို့၊ ကချင်ပြည်နယ် | ၁၄-၅-၈၂ | ၁၀၈/၁၆/ပတဖ<br>၁၄-၅-၈၂ | ကွယ်လွန် |
| ၂ | ဦးဆဘွဲဂွန် | ပုဒ်မ ၆၊ ၉ | အမှတ် ၉၁ (င)၊ ရှမ်းစုတောင်ရပ်၊ မြစ်ကြီးနား မြို့နယ်၊ ကချင်ပြည်နယ် | ။ | ။ | ကွယ်လွန် |
| ၃ | ဦးဒိန်ခန်ဖန်ဆားရ် | ပုဒ်မ ၉ | မချမ်းဘောဒေသ၊ ကချင်ပြည်နယ် | ။ | ။ | ကွယ်လွန် |
| ၄ | ဦးနော်လိုင် | ပုဒ်မ ၆၊ ၉ | နမ့်လင်ပါကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ် | ၁၅-၁၀-၈၅ | ၁၀၈/၁၆/ပတဖ<br>၂၁-၁၀-၈၅ | ကွယ်လွန် |
| ၅ | ဦးခေါ်ကန့်လဝေါမ် | ပုဒ်မ ၆၊ ၉ | နမ်းလင်းပါကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ် | ။ | ။ | ကွယ်လွန် |
| ၆ | ဦးဇော်ဂျာ | ပုဒ်မ ၆၊ ၉ | စီတာပူကျေးရွာ၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ။ | ။ | စုံစမ်း၍မရ |
| ၇ | ဦးထိန်လတ်ခေါ | ပုဒ်မ ၉ | မချမ်းဘောမြို့နယ်၊ ကချင်ပြည်နယ် | ၁/၈၆<br>၃-၁၀-၈၆ | ၁၀၈/၁၆/ပတဖ<br>(၈၆)<br>၂၄-၁၀-၈၆ | ကွယ်လွန် |

| စဉ် | အမည် | ရရှိသည့် ဥပဒေပုဒ်မ | နေရပ်လိပ်စာ | အမိန့်ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | စာအမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၈ | ဦးဖုန်းရှော့ဖုန် | ပုဒ်မ ၉ | နမ့်ခမ်းကျေးရွာ၊ မချမ်းဘောမြို့နယ်၊ ကချင်ပြည်နယ် | ။ | ။ | ကွယ်လွန် |
| ၉ | ဦးခေါင်လန်ဒီး | ပုဒ်မ ၉ | နမ့်ခမ်းကျေးရွာ၊ မချမ်းဘောမြို့နယ်၊ ကချင်ပြည်နယ် | ၁/၈၆<br>၃-၁၀-၈၆ | ၁၀၈/၁၆/ပတဖ<br>(၈၆)<br>၂၄-၁၀-၈၆ | ကွယ်လွန် |
| ၁၀ | ဦးဒဘိုင်ထင် | ပုဒ်မ ၉ | ဒိန်းချက်ကျေးရွာ၊ မချမ်းဘောမြို့နယ်၊ ကချင်ပြည်နယ် | ။ | ။ | ကွယ်လွန် |
| ၁၁ | ဦးမဂျူဂမ် | ပုဒ်မ ၉ | အလန်ဂါးကျေးရွာ၊ မချမ်းဘောမြို့နယ်၊ ကချင်ပြည်နယ် | ။ | ။ | ကွယ်လွန် |
| ၁၂ | ဦးဆူကွမ်း | ပုဒ်မ ၉ | ရွာသစ်ကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ် | ၁၅-၁-၈၈ | ၁၀၈/၁၆/ပတဖ<br>(၈၈)<br>၂၅-၁-၈၈ | ဆက်လက်<br>ဆောင်ရွက်လျက်ရှိ |
| ၁၃ | ဦးကေဘောက်နော် | ပုဒ်မ ၆၊ ၉ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ။ | ။ | ဆက်လက်<br>ဆောင်ရွက်လျက်ရှိ |
| ၁၄ | ဦးမီးနော် | ပုဒ်မ ၆၊ ၉ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ။ | ။ | ကွယ်လွန် |
| ၁၅ | ဦးခေါဘောမ် | ပုဒ်မ ၆၊ ၉ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ။ | ။ | ဆက်လက်<br>ဆောင်ရွက်လျက်ရှိ |

| စဉ် | အမည် | ရရှိသည့် ဥပဒေပုဒ်မ | နေရပ်လိပ်စာ | အမိန့်ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | စာအမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၆ | ဦးရှောလမုန် | ပုဒ်မ ၉ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ။ | ။ | ဆက်လက်ဆောင်ရွက်လျက်ရှိ |
| ၁၇ | ဦးဂျာကရှင်နော်အောန် | ပုဒ်မ ၉ | နောင်နန်းကမ်းနားရပ်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ၁၅-၁၀-၈၈ | ၁၀၈/၁၆/ပတဖ<br>၂၁-၁၀-၈၈ | ကွယ်လွန် |
| ၁၈ | ဦးဒါရှီနော်ဖုံန် | ပုဒ်မ ၉ | ပမ္မတီးပင်စင်ကုန်း၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ၁၅-၁၀-၈၈ | ၁၀၈/၁၆/ပတဖ<br>၂၁-၁၀-၈၈ | ကွယ်လွန် |
| ၁၉ | ဦးလရှီးဘရန်း | ပုဒ်မ ၆၊ ၉ | ရှမ်းစုတောင် ၁၁၁၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ။ | ။ | သက်ရှိ<br>ဆက်လက်<br>လုပ်ကိုင်ခြင်းမရှိ |
| ၂၀ | ဦးလမြင်း | ပုဒ်မ ၆၊ ၉ | အမှတ် ၁၂၇၊ ရှမ်းစုတောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ။ | ။ | ဆက်လက်ဆောင်ရွက်လျက်ရှိ |
| ၂၁ | ဦးဖဇော်အောင် | ပုဒ်မ ၆၊ ၉ | ရွှေစက်ရွာ၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ။ | ။ | ကွယ်လွန် |
| ၂၂ | ဦးနော်တောင် | ပုဒ်မ ၆၊ ၉ | ဒူကထောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ။ | ။ | ဆက်လက်ဆောင်ရွက်လျက်ရှိ |
| ၂၃ | ဦးဝီနော့လ | ပုဒ်မ ၆၊ ၉ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ။ | ။ | ကွယ်လွန် |

| စဉ် | အမည် | ရရှိသည့် ဥပဒေပုဒ်မ | နေရပ်လိပ်စာ | အမိန့်ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | စာအမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၂၄ | ဦးဇုန်းကျန်း | ပုဒ်မ ၆၊ ၉ | အောက်မော်ဖောင်းရွာ၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ။ | ။ | ဆက်လက်ဆောင်ရွက်လျက်ရှိ |
| ၂၅ | ဦးမရစ်အောင်လ | ပုဒ်မ ၆၊ ၉ | ကျွန်းပင်သာရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ၁၅-၁၀-၈၈ | ၁၀၈/၁၆/ပတဖ ၂၁-၁၀-၈၈ | ကွယ်လွန် |

## ချင်းပြည်နယ်

| စဉ် | အမည် | ရရှိသည့် ဥပဒေပုဒ်မ | နေရပ်လိပ်စာ | အမိန့်ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | စာအမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ဦးမန်ကီးယိုးထန်း | ပုဒ်မ ၆ | ဟားခါးမြို့၊ ချင်းပြည်နယ် | ၁၅-၁၀-၈၈ | ၁၀၈/၁၆/ပတဖ<br>၂၁-၁၀-၈၅ | ကွယ်လွန် |
| ၂။ | ဦးလားလ်မိုန်းထန်း | ပုဒ်မ ၉ | ဖလမ်းမြို့၊ ချင်းပြည်နယ် | ၁/၉၁<br>၂၉-၈-၉၁ | ၇၂၅/၃၂၅/၉၁<br>(လထန)<br>၂၉-၈-၉၁ | ပြည်ပ ထွက်ခွာ |
| ၃။ | ဦးမာန်ဟရဲ | ပုဒ်မ ၆ | ဖလမ်းမြို့၊ ချင်းပြည်နယ် | ၃/၉၁<br>၂၉-၈-၉၁ | ။ | ဖလမ်းမြို့နယ်ရုံး မှ စုံစမ်း၍မရ |
| ၄။ | ဦးရှာလ်ကျုံးနွှီး | ပုဒ်မ ၆ | ရမ်ထလိုကျေးရွာ၊ ဖလမ်းမြို့၊ ချင်းပြည်နယ် | ၄/၉၁<br>၂၉-၈-၉၁ | ။ | ကွယ်လွန် |
| ၅။ | ဦးထလန်သင်ခွမ်း | ပုဒ်မ ၆ | တလန်ခွားရွာ၊ထန်တလန်မြို့၊ ချင်းပြည်နယ် | ၅/၉၁<br>၂၉-၈-၉၁ | ။ | ဆက်လက် ဆောင်ရွက်လျက်ရှိ |
| ၆။ | ဦးမန်းသိုင်လို | ပုဒ်မ ၉ | ဖလမ်းမြို့၊ ချင်းပြည်နယ် | ၁/၉၃<br>၁၅-၁၁-၉၃ | ၃၅၃/၃၀၁/၉၃<br>(လထန)<br>၁၆-၁၁-၉၃ | ဆက်လက် ဆောင်ရွက်လျက်ရှိ |

| စဉ် | အမည် | ရရှိသည့် ဥပဒေပုဒ်မ | နေရပ်လိပ်စာ | အမိန့်ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | စာအမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၇။ | ဦးသော့ဆွမ်း | ပုဒ်မ ၉ | ဖလမ်းမြို့ ချင်းပြည်နယ် | ၂/၉၃<br>၁၅-၁၁-၉၃ | ၃၅၃/၃၀၁/၉၃<br>(လထန)<br>၁၆-၁၁-၉၃ | ဆက်လက်<br>ဆောင်ရွက်လျက်ရှိ |
| ၈။ | ဦးခေါ်ရိုမန်း | ပုဒ်မ ၉ | ဖလမ်းမြို့ ချင်းပြည်နယ် | ၃/၉၃<br>၁၅-၁၁-၉၃ | ၃၅၃/၃၀၁/၉၃<br>(လထန)<br>၁၆-၁၁-၉၃ | ဆက်လက်<br>ဆောင်ရွက်လျက်ရှိ |
| ၉။ | ဦးဒိုထန်းငါ | ပုဒ်မ ၉ | ဖလမ်းမြို့ ချင်းပြည်နယ် | ၄/၉၃<br>၁၅-၁၁-၉၃ | ၃၅၃/၃၀၁/၉၃<br>(လထန)<br>၁၆-၁၁-၉၃ | ကွယ်လွန် |
| ၁၀။ | ဦးခွန်းလျန်ကပ် | ပုဒ်မ ၉ | ဖလမ်းမြို့ ချင်းပြည်နယ် | ၅/၉၃<br>၁၅-၁၁-၉၃ | ၃၅၃/၃၀၁/၉၃<br>(လထန)<br>၁၆-၁၁-၉၃ | ကွယ်လွန် |
| ၁၁။ | ဦးရှာကျုံး | ပုဒ်မ ၉ | ဖလမ်းမြို့ ချင်းပြည်နယ် | ၆/၉၃<br>၁၅-၁၁-၉၃ | ၃၅၃/၃၀၁/၉၃<br>(လထန)<br>၁၆-၁၁-၉၃ | ဆက်လက်<br>ဆောင်ရွက်လျက်ရှိ |

| စဉ် | အမည် | ရရှိသည့် ဥပဒေပုဒ်မ | နေရပ်လိပ်စာ | အမိန့်ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | စာအမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၂။ | ဦးခေါ်သင်လိန် | ပုဒ်မ ၉ | ဖလမ်းမြို့၊ ချင်းပြည်နယ် | ၇/၉၃<br>၁၅-၁၁-၉၃ | ၃၅၃/၃၀၁/၉၃<br>(လထန)<br>၁၆-၁၁-၉၃ | ဆက်လက်ဆောင်ရွက်လျက်ရှိ |

## ပဲခူးတိုင်းဒေသကြီး

| စဉ် | အမည် | ရရှိသည့် ဥပဒေပုဒ်မ | နေရပ်လိပ်စာ | အမိန့်ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | စာအမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ဦးစောရွှေဒုံး | ပုဒ်မ ၉ | ပဲခူးမြို့၊ ပဲခူးတိုင်း | ၂၃/၉၆<br>၂၂-၇-၉၆ | ၄၂၃၅/၁၁၈/၉၅<br>(လထန)<br>၂၂-၇-၉၆ | ဆက်လက်ဆောင်ရွက်လျက်ရှိ |

## မကွေးတိုင်းဒေသကြီး

| စဉ် | အမည် | ရရှိသည့် ဥပဒေပုဒ်မ | နေရပ်လိပ်စာ | အမိန့်ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | စာအမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ဦးလားမွန်နာ | ပုဒ်မ ၆ | ပျဉ်းမပင်လမ်း၊ အမှတ် (၈) နယ်မြေ၊ ချောက်မြို့နယ်၊ မကွေးတိုင်း | ၂/၉၁<br>၂၉-၈-၉၁ | ၇၂၅/၃၂၅/၉၁<br>(လထန)<br>၂၉-၈-၉၁ | လွန်ခဲ့သော ၁၀ နှစ်ခန့်ကစ၍ အဆိုပါ နေရပ်လိပ်စာတွင် နေထိုင်ခြင်းမရှိ |

**မန္တလေးတိုင်းဒေသကြီး**

| စဉ် | အမည် | ရရှိသည့် ဥပဒေပုဒ်မ | နေရပ်လိပ်စာ | အမိန့်ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | စာအမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ဦးညီညီထွေး | ပုဒ်မ ၆ | အမှတ် ၁၅၂၊ ၁၃ ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ မြင်းခြံမြို့၊ မန္တလေးတိုင်း | ၁/၉၇<br>၇-၁-၉၇ | ၉၆/၈၀/၉၆<br>(လထန)<br>၇-၁-၉၇ | လွန်ခဲ့သော ၇ နှစ်ခန့်က မိတ္ထီလာသို့ ပြောင်းရွှေ့သွား |
| ၂။ | ဦးကွန်ဂျာနော် | ပုဒ်မ ၆ | အမှတ် ၅၄၊ ဒေါနဘွားရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း | ၁၁/၉၇<br>၁၅-၉-၉၇ | ၇၄၄၈/၃၃/၉၇<br>(လထန)<br>၁၅-၉-၉၇ | အဆိုပါ နေရပ်လိပ်စာတွင် နေထိုင်ခြင်းမရှိ |
| ၃။ | သိက္ခာတော်ရဆရာတော် Dr ဦးတင်မောင်အေး | ပုဒ်မ ၆ | ဗိုလ်ချုပ်လမ်း၊ မြန်မာနှစ်ခြင်းခရစ်ယာန်အသင်း တော်၊ ရွှေချီရပ်ကွက်၊ နေပြည်တော်ပျဉ်းမနား မြို့နယ်၊ ဒက္ခိဏခရိုင်၊ နေပြည်တော်ကောင်စီ နယ်မြေ | ၁၆၆/၁၅<br>၂၃-၂-၁၅ | ၁၂၅/စု-၃၅/၁၅<br>(လထန)<br>၂၃-၂-၁၅ | ဆက်လက် ဆောင်ရွက်လျက်ရှိ |

## ရန်ကုန်တိုင်းဒေသကြီး

| စဉ် | အမည် | ရရှိသည့် ဥပဒေပုဒ်မ | နေရပ်လိပ်စာ | အမိန့်ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | စာအမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ဦးစထဲနလေ | ပုဒ်မ ၆ | အမှတ် ၄၁၀၊ အောက်ကြည့်မြင်တိုင် လမ်း၊ကရင်ခြံ၊အလုံမြို့နယ်၊ရန်ကုန်တိုင်း | ၂၈-၁၂-၇၈ | ၁၀၈/၁၆/ပတဖ ၅-၁-၇၉ | ဆက်လက် ဆောင်ရွက်လျက်ရှိ |
| ၂။ | ဦးဘမျှင် | ပုဒ်မ ၆၊ ၉ | အမှတ် ၆၀၊ ဘားဂရာလမ်း၊ ဘော်ဂါ ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း | ။ | ။ | ကွယ်လွန် (၁၉၈၂ ခုနှစ်) |
| ၃။ | ဦးသာဒင် | ပုဒ်မ ၆၊ ၉ | ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ကျမ်းစာသင်ကျောင်း၊ ရန်ကုန်တိုင်း | ။ | ။ | သက်ရှိဆက်လက်ဆောင် ရွက်ခြင်းမရှိ (ကြည့်မြင်တိုင်အသင်းတော် သို့ပြောင်းသွား) |
| ၄။ | ဦးနိုင်ဘရှင် | ပုဒ်မ ၆၊ ၉ | အမှတ် ၄၂၊ ဟိုက်ပတ်လမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန် မြို့နယ်၊ ရန်ကုန်တိုင်း | ၁၅-၁-၈၈ | ၁၀၈/၁၆/ပတဖ (၈၈) ၂၅-၁-၈၈ | ကွယ်လွန် (၂၈.၄.၂၀၁၃) |
| ၅။ | Dr ဦးယော်လား | ပုဒ်မ ၆ | အမှတ် ၄၁၁၊ မဟာဗန္ဓုလလမ်း၊ မော နွေလ ခရစ်ယာန်ဘုရားကျောင်း၊ နှစ်ခြင်း အသင်းတော်၊ကျောက်တံတား | ၃၅/၁၅ ၁၃-၁-၁၅ | ၂၈/စု-၈/၁၅ (လထန) ၁၃-၁-၁၅ | ဆက်လက် ဆောင်ရွက်လျက်ရှိ |

| စဉ် | အမည် | ရရှိသည့် ဥပဒေပုဒ်မ | နေရပ်လိပ်စာ | အမိန့်ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | စာအမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | မြို့နယ်၊ ရန်ကုန်တိုင်း | | | |
| ၆။ | Rev.Dr ဦးမျိုးဝင်း ဘာသာရေးလွတ်လပ်ခွင့် ကော်မရှင်ဒါရိုက်တာ မြန်မာနိုင်ငံဧဝံဂေလိ ခရစ်ယာန်မဟာမိတ် အဖွဲ့ချုပ် (MECA) | ပုဒ်မ ၉ | အမှတ် (၁၁၄-၁၄၅)၊ ကယား (၆) လမ်း၊ ပုလဲ မြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၇၆၃/၁၈<br>၆-၉-၂၀၁၈ | ၃၀၃/စု-၃၆/၁၈<br>(လထန)<br>၆-၉-၂၀၁၈ | ဆောင်ရွက်လျက်ရှိ<br>အမှတ် (၁၁၉၄)၊ ရွှေစင် (၂) လမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တွင် နေထိုင်လျက်ရှိ |
| ၇။ | ရှုံးအုပ်နှင့်သင်းအုပ်ဆရာ ဦးအောင်မိုးထွန်း ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၄၈ရပ်ကွက်၊ အောင်တေဇလမ်း၊ အမှတ်၅၀၀/၅၀၅၊ မြန်မာနိုင်ငံ အေဂျီ (ဧဝံဂေလိ)အသင်းတော်၊ အထွေထွေ သာသနာ ကောင်စီ | ပုဒ်မ ၉ | အမှတ် (၁၀၈)၊ (အေ)၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ် ၃ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ | ၂၃၇/၂၀၂၀<br>၁၆-၃-၂၀၂၀ | ၈၇/စု-၃၆/၂၀<br>(လထန)<br>၁၆-၃-၂၀၂၀ | ဆောင်ရွက်လျက်ရှိ |

## ရှမ်းပြည်နယ်

| စဉ် | အမည် | ရရှိသည့် ဥပဒေပုဒ်မ | နေရပ်လိပ်စာ | အမိန့်ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | စာအမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | သိက္ခာတော်ရဆရာ ဦးဂျိုးဇက် (ခ) ဦးဇော်လင်း သင်းအုပ်ဆရာ၊ လူမျိုးပေါင်းစုံ နှစ်ခြင်းခရစ်ယာန် အသင်းတော် | ပုဒ်မ ၆<br><br><br><br>ပုဒ်မ ၉ | ပင်လုံလမ်း၊ (၇) ရပ်ကွက်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ် | ၂၂/၁၉<br>၈-၁-၂၀၁၉<br><br><br>၂၃/၁၉<br>၈-၁-၂၀၁၉ | ၁၇/စု-၃၆/၁၉<br>(လထန)<br>၈-၁-၂၀၁၉<br><br>၁၈/စု-၃၆/၁၉<br>(လထန)<br>၈-၁-၂၀၁၉ | ဆက်လက် ဆောင်ရွက်လျက်ရှိ |

## ရောဝတီတိုင်းဒေသကြီး

| စဉ် | အမည် | ရရှိသည့် ဥပဒေပုဒ်မ | နေရပ်လိပ်စာ | အမိန့်ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | စာအမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ဦးစံလင်း | ပုဒ်မ ၉ | သဘောသပြုကျေးရွာ၊ ဓနုဖြူမြို့နယ်၊ ရောဝတီတိုင်း | ၁၅-၁၀-၈၅ | ၁၀၈/၁၆/ပတဖ<br>၂၁-၁၀-၈၅ | ကွယ်လွန်<br>(၁၁-၉-၂၀၁၂) |
| ၂။ | ဦးဖိုးဒေါ် | ပုဒ်မ ၉ | ဘော်စကိုင်းကျေးရွာ၊ ဓနုဖြူမြို့နယ်၊ ရောဝတီတိုင်း | ။ | ။ | ကွယ်လွန်<br>(၁၈-၆-၁၉၉၇) |
| ၃။ | ဦးမြတ်သင်း | ပုဒ်မ ၉ | ဟင်္သာတမြို့၊ ရောဝတိုင်း | ။ | ။ | ကွယ်လွန်<br>(၅-၉-၁၉၈၈) |
| ၄။ | ဦးအိုင်လုံး | ပုဒ်မ ၉ | ကင်ပွန်းချောင်ရွာ၊ ဟင်္သာတမြို့နယ်၊ ရောဝတီတိုင်း | ။ | ။ | သက်ရှိ (၈၀) နှစ် |
| ၅။ | ဦးအာကျမ်း | ပုဒ်မ ၉ | အဝယ်ကျေးရွာ၊ မြန်အောင်မြို့နယ်၊ ရောဝတီတိုင်း | ။ | ။ | ကွယ်လွန်<br>(လွန်ခဲ့သော ၁၀ နှစ် |
| ၆။ | ဦးမူလယ်ဝါး | ပုဒ်မ ၉ | ဗျင်းညားစာဖြူစုကျေးရွာ၊ ဓနုဖြူမြို့နယ်၊ ရောဝတိုင်း | ၁၅-၁၀-၈၅ | ၁၀၈/၁၆/ပတဖ<br>၂၁-၁၀-၈၅ | ကွယ်လွန်<br>(လွန်ခဲ့သော ၉ နှစ်) |

| စဉ် | အမည် | ရရှိသည့် ဥပဒေပုဒ်မ | နေရပ်လိပ်စာ | အမိန့်ကြော်ငြာစာ အမှတ်နှင့်ရက်စွဲ | စာအမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၇။ | ဦးမြမောင် | ပုဒ်မ ၉ | ဘဲဂရက်ကြီးကျေးရွာ၊ ပုသိမ်အရှေ့မြို့နယ်၊ ဧရာဝတီတိုင်း | ၁/၈၆ ၃-၁၀-၈၆ | ၁၀၈/၁၆/ပတဖ (၈၆) ၂၄-၁၀-၈၆ | ကွယ်လွန် (၁၈-၁၀-၁၆) |

မှတ်ချက်။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း စုံစမ်းသိရှိချက်အရ ဖော်ပြထားခြင်းဖြစ်၍ ပြင်ဆင်၊ ဖြည့်စွက်ရန်ရှိပါက အမည်စာရင်းပါ ရှိသူများ/ ၎င်းတို့၏ သက်ဆိုင်သူများက ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန၊ ညွှန်ကြားရေးမှူး ၏ e-mail htarhtar@usc.gov.mm သို့ ၂၆ - ၆ -၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။